# နိုင်ငံမဲ့ဖြစ်မှု လျှော့ချရေးဆိုင်ရာ
# ၁၉၆၁ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်စာကိုယ်

---

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏အမှာစာနှင့်အတူ

# Text of the 1961 Convention on the Reduction of Statelessness

---

with an
Introductory Note
by the Office of the
United Nations High Commissioner for Refugees

# INTRODUCTORY NOTE
by the Office of the
United Nations High Commissioner for Refugees
(UNHCR)

The Convention on the Reduction of Statelessness was adopted on 30 August 1961 and entered into force on 13 December 1975. It complements the 1954 Convention relating to the Status of Stateless Persons and was the result of over a decade of international negotiations on how to avoid the incidence of statelessness. Together, these two treaties form the foundation of the international legal framework to address statelessness, a phenomenon which continues to adversely affect the lives of millions of people around the world. The 1961 Convention is the leading international instrument that sets rules for the conferral and non-withdrawal of citizenship to prevent cases of statelessness from arising. By setting out rules to limit the occurrence of statelessness, the Convention gives effect to article 15 of the Universal Declaration of Human Rights which recognizes that "everyone has the right to a nationality."

## ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏အမှာစာ

နိုင်ငံမဲ့ဖြစ်မှုကို လျှော့ချရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့၍ ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့ပါသည်။ ၎င်းသည် နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ၁၉၅၄ ခုနှစ် အပြည် ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ဖြည့်စွက်ပေးခြင်းဖြစ်ပြီး နိုင်ငံမဲ့ဖြစ်မှု၏ ဖြစ်ပွားမှုပမာဏကို မည်သို့ရှောင်ရှားရမည်ကို ဆယ်စုနှစ်တစ်ခုထက်ပိုလွန်ကာ နိုင်ငံတကာညှိနှိုင်းမှုများမှ ရရှိခဲ့သောရလဒ် ဖြစ်ပါသည်။ ဤအပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်နှစ်ခုသည် ကမ္ဘာအရပ်ရပ်ရှိ လူသန်းပေါင်းများစွာ၏ ဘဝပေါင်းများစွာကို ဆက်လက်၍ ဆိုးကျိုးဖြစ်စေသည့် ဖြစ်စဉ်ဆိုင်ရာ နိုင်ငံမဲ့ဖြစ်မှုကို ကိုင်တွယ်ဖြေရှင်းရန် အပြည်ပြည်ဆိုင်ရာ ဥပဒေဘောင်၏ အခြေခံအုတ်မြစ်အဖြစ် ဖော်ဆောင်နေပါသည်။ ၁၉၆၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် နိုင်ငံမဲ့ဖြစ်မှုပေါ်ပေါက်လာခြင်းကို ကာကွယ်တားဆီး ရန် နိုင်ငံသားဖြစ်မှုကိုအပ်နှင်းခြင်းနှင့် ပြန်လည်မရုပ်သိမ်းစေခြင်းတို့အတွက် စည်းမျဉ်းများကိုချမှတ်ပေးသည့် အဓိကအပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်း ဖြစ်ပါသည်။ နိုင်ငံမဲ့ဖြစ်မှုဖြစ်ပေါ်မှုကို ကန့်သတ်ရန် စည်းမျဉ်းများကို ချမှတ် ပေးခြင်းဖြင့် "လူတိုင်းသည် နိုင်ငံသားအဖြစ် ရပိုင်ခွင့်ရှိသည်" ဆိုသည်ကို အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၁၅ ကို အကျိုးသက်ရောက်စေပါသည်။

Underlying the 1961 Convention is the notion that while States maintain the right to elaborate the content of their nationality laws, they must do so in compliance with international norms relating to nationality, including the principle that statelessness should be avoided. By adopting the 1961 Convention safeguards that prevent statelessness, States contribute to the reduction of statelessness over time. The Convention seeks to balance the rights of individuals with the interests of States by setting out general rules for the prevention of statelessness, and simultaneously allowing some exceptions to those rules.

The 1961 Convention establishes safeguards against statelessness in several different contexts. A central focus of the Convention is the prevention of statelessness at birth by requiring States to grant citizenship to children born on their territory, or born to their nationals abroad, who would otherwise be stateless. To prevent statelessness in such cases, States may either grant nationality to children automatically at birth or subsequently upon application. The Convention further seeks to prevent statelessness later in life by prohibiting the withdrawal of citizenship from States' nationals – either through loss, renunciation, or deprivation of nationality – when doing so would result in statelessness. Finally, the Convention instructs States to avoid statelessness in the context of transfer of territory. For all of these scenarios, the 1961 Convention safeguards are triggered only where statelessness would otherwise arise and for individuals who have some link with a country. These standards serve to avoid nationality problems which might arise between States.

၁၉၆၁ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အခြေခံအယူအဆမှာ နိုင်ငံများသည် ၄င်းတို့၏နိုင်ငံသားဖြစ်မှုဥပဒေများတွင် ပါရှိသည်များကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ရှင်းလင်းပိုင်ခွင့်ကို ဆုပ်ကိုင်ထိန်းသိမ်းကာ နိုင်ငံမဲ့ဖြစ်မှုကိုရှောင်ရှားသင့်သည်ဟူသောမူ အပါအဝင်ဖြစ်သည့် နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာစံများနှင့်အညီ လုပ်ဆောင်ရန်ဟူသောအယူအဆပင်ဖြစ်သည်။ နိုင်ငံမဲ့ဖြစ်မှုအား တားဆီးခြင်းကို ကာကွယ် စောင့်ရှောက်ရာရောက်သည့် ၁၉၆၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို လိုက်နာလက်ခံခြင်းဖြင့် အချိန်ကုန်လွန်လာသည်နှင့်အမျှ နိုင်ငံများသည် နိုင်ငံမဲ့ဖြစ်ခြင်းကို လျှော့နည်းအောင် ပြုလုပ်ရာတွင် အထောက်အကူဖြစ်စေခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် နိုင်ငံမဲ့ဖြစ်မှုကို ကာကွယ်တားဆီးရန်အတွက် ယေဘုယျစည်းမျဉ်းများကို ချမှတ်ပေးခြင်းဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီတို့၏အခွင့်အရေးများနှင့် နိုင်ငံများ၏အကျိုးစီးပွားများအကြား ချိန်ညှိရန် ရှာဖွေဖော်ထုတ်မှုကို ပြုလုပ်ပေးသကဲ့သို့ တစ်ချိန်တည်းမှာပင် ထိုစည်းမျဉ်းများ၏ ချွင်းချက်အချို့ကို ခွင့်ပြုပေးပါသည်။

၁၉၆၁ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် မတူညီသောအခြေအနေများတွင် နိုင်ငံမဲ့ဖြစ်မှုကို ဟန့်တားသော အကာအကွယ်များကို ချမှတ်ပေးပါသည်။ နိုင်ငံများကို ၄င်းတို့၏နယ်မြေပေါ်တွင် မွေးဖွားလာသော ကလေးသူငယ်များအား နိုင်ငံသားအဖြစ် ခွင့်ပြုရန် လိုအပ်ချက်ထားရှိခြင်းဖြင့် မွေးဖွားသည်မှ နိုင်ငံမဲ့ဖြစ်ခြင်းကို ကာကွယ်တားဆီးရန်မှာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အဓိကအာရုံစူးစိုက်ရာဖြစ်ပါသည်။ အဆိုပါကိစ္စများတွင် နိုင်ငံမဲ့ဖြစ်ခြင်းကို ကြိုတင်ကာကွယ်ရန်မှာ နိုင်ငံများသည် ကလေးသူငယ်များကို မွေးဖွားလာသည်တွင် အလိုအလျောက် နိုင်ငံသားအဖြစ် ခွင့်ပြုနိုင်သလို နောင်မှ လျှောက်ထားလာသောအခါတွင်လည်း ခွင့်ပြုနိုင်ပါသည်။ ထိုသို့ပြုလုပ်ပါက နိုင်ငံမဲ့ဖြစ်မှုတွင် အဆုံးသတ်နိုင်သည့် နိုင်ငံသားဖြစ်မှုဆုံးရှုံးခြင်း၊ စွန့်လွှတ်ခြင်း သို့မဟုတ် လက်လွှတ်ဆုံးရှုံးစေခြင်းတို့မှတဆင့် နိုင်ငံ၏နိုင်ငံသားဖြစ်မှုကို ပြန်လည်ရုပ်သိမ်းခြင်းအား တားမြစ်ထားခြင်းအားဖြင့် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် ဘဝ၏နောက်ပိုင်းကာလများတွင် နိုင်ငံမဲ့ဖြစ်မှုကိုလည်း ကြိုတင်ကာကွယ်ပေးထားပါသည်။ နောက်ဆုံးအားဖြင့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် နယ်မြေကို လွှဲပြောင်းသော အခြေ

Pursuant to article 11 of the Convention, in 1974 the United Nations General Assembly designated the Office of the United Nations High Commissioner for Refugees as the body to which individuals who claim the benefit of the Convention may apply for examination of their claims and for assistance in presenting them to the relevant authorities.(1) Subsequently, the General Assembly entrusted UNHCR with a global mandate to identify, prevent and reduce statelessness and protect stateless persons, specifically requesting that the Office "provide relevant technical and advisory services pertaining to the preparation and implementation of nationality legislation."(2) The Executive Committee of the High Commissioner's Programme has provided further guidance on the implementation of these responsibilities. Even in States which are not parties, the 1961 Convention serves as a yardstick to identify gaps in nationality legislation, and is used by UNHCR as a basis for the technical advice it provides to Governments.

---

(1) General Assembly Resolutions 3274 (XXIX) of 10 December 1974 and 31/36 of 30 November 1976

(2) General Assembly Resolution 50/152 of 21 December 1995

အနေတွင် နိုင်ငံမဲ့ဖြစ်စေမှုကို ရှောင်ရှားရန်နိုင်ငံများကို ညွှန်ကြားပါသည်။ ဤစိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေများအားလုံးအတွက်၊ ၁၉၆၁ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ ကာကွယ်စောင့်ရှောက်မှုများသည် နိုင်ငံမဲ့ဖြစ်မှုသည် အခြားနည်းပေါ်ပေါက်လာမည့်အခါမျိုးတွင်နှင့် နိုင်ငံတစ်နိုင်ငံနှင့် လူပုဂ္ဂိုလ်တစ်ဦးသည် ဆက်စပ်မှုရှိသောအခါမျိုးတွင်သာ စတင် သက်ဝင်လှုပ်ရှားမည်ဖြစ်သည်။ ဤစံများသည် နိုင်ငံများအကြား ပေါ်ပေါက်လာနိုင်သည့် နိုင်ငံသားပြဿနာများကို ရှောင်ရှားရန် ဆောင်ရွက်ပေးပါသည်။

အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၁၁ အရ၊ ၁၉၇၄ ခုနှစ်တွင်၊ ကုလသမဂ္ဂ၏အထွေထွေညီလာခံသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး၏ရုံးကို လူပုဂ္ဂိုလ်များက ၎င်းတို့၏ ဤသဘောတူစာချုပ်ပါ အကျိုးခံစားခွင့်ဆိုင်ရာ တောင်းဆိုမှုများကို စစ်ဆေးပေးရန် လျှောက်ထားခြင်းနှင့် သက်ဆိုင်ရာအာဏာပိုင်များထံ ၎င်းတို့၏ တင်ပြလျှောက်ထားရာတွင် အကူအညီပေးရန် အဖွဲ့အစည်းအဖြစ် သတ်မှတ်ပါသည်။[၁] နောက်ပိုင်းတွင် အထွေထွေညီလာခံသည် UNHCR အား နိုင်ငံမဲ့ဖြစ်မှုကို ရှာဖွေဖော်ထုတ်ရန်၊ ကာကွယ်တားဆီးရန်နှင့် လျှော့နည်းအောင်လုပ်ရန်၊ နိုင်ငံမဲ့ဖြစ်သူများကို အကာအကွယ်ပေးရန် တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းပါသည်။ အထူးသဖြင့် မဟာမင်းကြီးရုံးအား "နိုင်ငံများ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာဥပဒေပြုခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်မှုတို့နှင့်ဆက်စပ်၍ သက်ဆိုင်ရာနည်းပညာနှင့် အကြံပေးဆောင်ရွက်ခြင်း" ဆိုင်ရာ ဝန်ဆောင်မှုပေးရန် တောင်းဆိုပါသည်။[၂] ဤတာဝန်များကို အကောင်အထည်ဖော်ရာ၌ မဟာမင်းကြီး၏ အစီအစဉ်ဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီသည် နောက်ထပ်လမ်းညွှန်မှုများကိုပေးပါသည်။ အဖွဲ့ဝင် မဟုတ်သောနိုင်ငံများကိုပင် ၁၉၆၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် နိုင်ငံသားဥပဒေပြုရာတွင် ကွာဟမှုများကို ရှာဖွေဖော်ထုတ်ရာ၌ စံအဖြစ်အသုံးပြုပြီး အစိုးရများအား နည်းပညာ အကြံဉာဏ်ပေးရာတွင် အခြေခံအဖြစ် UNHCR သည် ၎င်းကို အသုံးပြုပါသည်။

---

(၁) ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ချမှတ်ခဲ့သော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၃၂၇၄ (၂၉) နှင့် ၁၉၇၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ချမှတ်သော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၃၁/၃၆

(၂) ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ချမှတ်သော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၀/၁၅၂

The 1961 Convention on the Reduction of Statelessness is of critical importance today as statelessness persists in some protracted situations and continues to arise in others. Yet as at 1 December 2010, only 37 States were parties to the Convention. This is despite repeated calls by the General Assembly, the Executive Committee and the United Nations Human Rights Council for States to consider accession. Regional bodies such as the Organization of American States and the Asian-African Legal Consultative Organization have made similar appeals.
It is essential that the provisions of this Convention be widely known and that all stakeholders engage in efforts to achieve an increase in the number of accessions to the Convention, in order to address the plight of stateless persons around the world.
Information on accessions to the 1961 Convention on the Reduction of Stateless Persons, the 1954 Convention relating to the Status of Stateless Persons, as well as other relevant details, may be obtained from UNHCR, or from the UNHCR website at www.unhcr.org/statelessness.

Geneva, January 2011

နိုင်ငံမဲ့ဖြစ်မှုသည် ကြာရှည်သောအခြေအနေအချို့တွင် ရှိမြဲဆက်လက်ရှိနေပြီး အခြားသောအခြေအနေများတွင်လည်း ဆက်လက်ပေါ်ပေါက်နေသဖြင့် ၁၉၆၁ ခုနှစ် နိုင်ငံမဲ့ဖြစ်မှု လျှော့ချရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် ယခုအခါတွင် အလွန်ပင် အရေးပါလျက်ရှိပါသည်။ သို့သော်လည်း ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့အထိ နိုင်ငံပေါင်း ၃၇ နိုင်ငံသာ ဤအပြည်ပြည်ဆိုင်ရာ စာချုပ်၏အဖွဲ့ဝင် ဖြစ်ပါသည်။ အထွေထွေညီလာခံ၊ အလုပ်အမှုဆောင် ကော်မတီနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးများဆိုင်ရာကောင်စီ တို့က နိုင်ငံများ အား နောက်မှပါဝင်ချုပ်ဆိုခြင်းပြုလုပ်ရန်အတွက် စဉ်းစားပါရန် အကြိမ်ကြိမ် တောင်းဆိုမှုများ ပြုလုပ်နေသည့်ကြားမှ ဤသို့ဖြစ်နေခြင်းဖြစ်သည်။ အမေရိကန် နိုင်ငံများဆိုင်ရာအဖွဲ့အစည်းနှင့် အာရှ-အာဖရိက ဥပဒေရေးရာအတိုင်ပင်ခံ အဖွဲ့အစည်းကဲ့သို့သော ဒေသဆိုင်ရာ အဖွဲ့အစည်းများကလည်း အလားတူ မေတ္တာရပ်ခံကြပါသည်။

ကမ္ဘာအနှံ့အပြားတွင် အတိဒုက္ခရောက်လျက်ရှိသော နိုင်ငံမဲ့ဖြစ်နေသူများအတွက် ရင်ဆိုင်ဖြေရှင်းရန် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်နှင့် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို နောက်မှပါဝင်ချုပ်ဆိုခြင်းများ၏ အရေအတွက် တိုးပွားမှုကိုရရှိအောင် ပါဝင်ပတ်သက်သူအားလုံးက ကြိုးပမ်းအားထုတ်ရန်လည်း လိုအပ်ပါသည်။

နိုင်ငံမဲ့ဖြစ်မှု လျှော့ချရေးဆိုင်ရာ ၁၉၆၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို နောက်မှ ပါဝင်ချုပ်ဆိုခြင်းဆိုင်ရာ သတင်း အချက်အလက်၊ နိုင်ငံမဲ့ဖြစ်နေသူများ၏ အဆင့်အခြေအနေဆိုင်ရာ ၁၉၅၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့် အခြားသက်ဆိုင်ရာ အသေးစိတ်များကို UNHCR သို့မဟုတ် UNHCR ၏ website ဖြစ်သော www.unhcr.org/statelessness မှ ရယူနိုင်ပါသည်။

**ဂျီနီဗာ၊**

**ဇန်နဝါရီ၊ ၂၀၁၁။**

# CONVENTION
## on the Reduction of Statelessness

The Contr act ing States,

ACTING in pursuance of resolution 896 (IX), adopted by the General Assemblyof the United Nations on 4 December 1954,

CONSIDERING it desirable to reduce statelessness by international agreement,

HAVE AGREED as follows:

### Article 1

1. A Contracting State shall grant its nationality to a person born in its territory who would otherwise be stateless. Such nationality shall be granted:

(a) at birth, by operation of law, or

(b) upon an application being lodged with the appropriate authority, by or on behalf of the person concerned, in the manner prescribed by the national law. Subject to the provisions of paragraph 2 of this Article, no such application may be rejected.

A Contracting State which provides for the grant of its nationality in accordance with sub-paragraph (b) of this paragraph may also provide for the grant of its nationality by operation of law at such age and subject to such conditions as may be prescribed by the national law.

## နိုင်ငံမဲ့ဖြစ်မှုကို လျှော့ချရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

စာချုပ်ချုပ်ဆိုသောနိုင်ငံများသည် -

ကုလသမဂ္ဂ၏ အထွေထွေညီလာခံ က ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် ၈၉၆(၉)အရ **အရေးယူဆောင်ရွက်လျက်** ရှိသောကြောင့်လည်းကောင်း၊

အပြည်ပြည်ဆိုင်ရာသဘောတူညီချက်ဖြင့် နိုင်ငံမဲ့ဖြစ်မှုကို လျှော့နည်းစေရန် လိုလားသည်ဟု **စဉ်းစားဆုံးဖြတ်ခြင်း**ကြောင့်လည်းကောင်း

အောက်ပါအတိုင်း **သဘောတူညီ**ကြပါသည်။

### အပိုဒ်–၁

၁။ စာချုပ်ချုပ်ဆိုသည့်နိုင်ငံတစ်နိုင်ငံသည် ၎င်း၏နယ်မြေတွင် မွေးဖွားပြီး အခြားနည်းဖြင့် နိုင်ငံမဲ့ဖြစ်သွားမည့်သူတစ်ဦးတစ်ယောက်အား ၎င်း၏ နိုင်ငံသားဖြစ်မှုကို ခွင့်ပြုရမည်။ အဆိုပါနိုင်ငံသားဖြစ်မှုကို အောက်ပါတို့တွင် ခွင့်ပြုရမည်။

(က) မွေးဖွားသည့်အချိန်တွင် ဥပဒေကျင့်သုံးမှုအရ သို့မဟုတ်

(ခ) နိုင်ငံ၏ဥပဒေတွင် ပြဋ္ဌာန်းထားသောနည်းလမ်းအရ သက်ဆိုင်သူ၊ သို့မဟုတ် သက်ဆိုင်ဆိုင်သူကိုယ်စား သင့်လျော်သော အာဏာပိုင်ထံ တင်သွင်းသည့်အခါ ခွင့်ပြုရမည်။ ဤအပိုဒ်၏ ပိုဒ်ခွဲ ၂ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ မည်သည့်လျှောက်လွှာကိုမျှ ပယ်ချခြင်းမပြုရ။

ဤစာပိုဒ်၏ စာပိုဒ်ခွဲငယ် (ခ) နှင့်အညီ ၎င်း၏ နိုင်ငံသားဖြစ်မှုခွင့်ပြုခြင်းကို ပြဋ္ဌာန်းထားရှိသော စာချုပ်ချုပ်ဆိုသည့် နိုင်ငံသည် နိုင်ငံဥပဒေဖြင့် သတ်မှတ်ထားသော အသက်အရွယ်၌ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ဥပဒေကျင့်သုံးမှုအရ ၎င်း၏နိုင်ငံသားဖြစ်မှုကို ခွင့်ပြုရန်အတွက်လည်း ပြဋ္ဌာန်းထားရှိရမည်။

2. A Contracting State may make the grant of its nationality in accordance with sub-paragraph (b) of paragraph 1 of this Article subject to one or more of the following conditions:

(a) that the application is lodged during a period, fixed by the Contracting State, beginning not later than at the age of eighteen years and ending not earlier than at the age of twenty-one years, so, however, that the person concerned shall be allowed at least one year during which he may himself make the application without having to obtain legal authorization to do so;

(b) that the person concerned has habitually resided in the territory of the Contracting State for such period as may be fixed by that State, not exceeding five years immediately preceding the lodging of the application nor ten years in all;

(c) that the person concerned has neither been convicted of an offence against national security nor has been sentenced to imprisonment for a term of five years or more on a criminal charge;

(d) that the person concerned has always been stateless.

3. Notwithstanding the provisions of paragraphs 1 (b) and 2 of this Article, a child born in wedlock in the territory of a Contracting State, whose mother has the nationality of that State, shall acquire at birth that nationality if it otherwise would be stateless.

၂။ စာချုပ်ချုပ်ဆိုသည့်နိုင်ငံသည် အောက်ဖော်ပြပါ တစ်ခု၊ သို့မဟုတ် တစ်ခုထက်ပိုသော စည်းကမ်းချက်များကို အထောက်အထားပြု၍ ဤအပိုဒ်၏ စာပိုဒ် ၁ ၏စာပိုဒ်ခွဲ (ခ) နှင့်အညီ ၎င်း၏ နိုင်ငံသားဖြစ်မှု ခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်သည်။

(က) အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ချိန်ထက် နောက်မကျသော ကာလမှစတင်၍ အသက် နှစ်ဆယ့်တစ်နှစ် မပြည့်မီအချိန်ထက် မစောသောကာလ မကုန်ဆုံးမီ စာချုပ်ချုပ်ဆိုသည့်နိုင်ငံက သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း လျှောက်လွှာတင်သွင်းရမည်။ သို့ရာတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အား အနည်းဆုံး တစ်နှစ်ခွင့်ပြုရမည်ဖြစ်သည်။ သို့မှသာလျှင် ထိုကာလအတောအတွင်း ထိုပုဂ္ဂိုလ်သည် ထိုသို့ ဆောင်ရွက်နိုင်ရန် တရားဝင်ခွင့်ပြုချက်ရယူရန်မလိုဘဲ ယင်း၏လျှောက်ထားလွှာကို မိမိကိုယ်တိုင် တင်သွင်းနိုင်မည်ဖြစ်သည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ်သည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံ၏နယ်မြေအတွင်းတွင် လျှောက်လွှာမတင်သွင်းမီ တစ်ဆက်တည်း ငါးနှစ်ထက်မပိုသော၊ သို့မဟုတ် စုစုပေါင်း ဆယ်နှစ်ဖြစ်သော ထိုနိုင်ငံက သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း အမြဲနေထိုင်ခဲ့ခြင်း ဖြစ်ရမည်။

(ဂ) သက်ဆိုင်ရာပုဂ္ဂိုလ်သည် နိုင်ငံ၏လုံခြုံရေးကို ဆန့်ကျင်သောပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊ သို့မဟုတ် ပြစ်မှုဆိုင်ရာစွဲချက်ဖြင့် ငါးနှစ်၊ သို့မဟုတ် ငါးနှစ်ထက်ပိုသောထောင်ဒဏ် ချမှတ်ခံခဲ့ရခြင်းမရှိစေရ။

(ဃ) သက်ဆိုင်ရာပုဂ္ဂိုလ်သည် အမြဲတမ်းနိုင်ငံမဲ့ဖြစ်နေရမည်။

၃။ ဤအပိုဒ်၏ စာပိုဒ်ခွဲ ၁ (ခ) နှင့် စာပိုဒ်ခွဲ ၂ ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ၊ စာချုပ်ချုပ်ဆိုသည့်နိုင်ငံ၏နယ်မြေတွင် လက်ထပ်ထိမ်းမြားပြီး မွေးဖွားလာသောကလေး၏မိခင်မှာ ထိုနိုင်ငံ၏နိုင်ငံသားဖြစ်မှုရရှိထားလျှင်၊ အကယ်၍ ထိုကလေးသည် အခြားနည်းအားဖြင့် နိုင်ငံမဲ့ဖြစ်သွားမည်ဆိုပါလျှင်၊ ၎င်းကိုမွေးဖွားချိန်တွင် ၎င်းမိခင်၏ နိုင်ငံသားဖြစ်မှုကို ရရှိရမည်။

4. A Contracting State shall grant its nationality to a person who would otherwise be stateless and who is unable to acquire the nationality of the Contracting State in whose territory he was born because he has passed the age for lodging his application or has not fulfilled the required residence conditions, if the nationality of one of his parents at the time of the person's birth was that of the Contracting State first above mentioned. If his parents did not possess the same nationality at the time of his birth, the question whether the nationality of the person concerned should follow that of the father or that of the mother shall be determined by the national law of such Contracting State. If application for such nationality is required, the application shall be made to the appropriate authority by or on behalf of the applicant in the manner prescribed by the national law. Subject to the provisions of paragraph 5 of this Article, such application shall not be refused.

5. The Contracting State may make the grant of its nationality in accordance with the provisions of paragraph 4 of this Article subject to one or more of the following conditions:

(a) that the application is lodged before the applicant reaches an age, being not less than twenty-three years, fixed by the Contracting State;

(b) that the person concerned has habitually resided in the territory of the Contracting State for such period immediately preceding the lodging of the application, not exceeding three years, as may be fixed by that State;

(c) that the person concerned has always been stateless.

၄။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် စာချုပ်ချုပ်ဆိုသော နိုင်ငံအတွင်း မွေးဖွားသော်လည်း ၎င်းသည် ၎င်း၏လျှောက်လွှာတင်ရမည့်အသက်ကို ကျော်လွန်သွားသောကြောင့်လည်းကောင်း၊ နေထိုင်ခွင့်ဆိုင်ရာ လိုအပ်သောသတ်မှတ်ချက်များကို မဖြည့်စွမ်းနိုင်သောကြောင့်လည်းကောင်း၊ စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ နိုင်ငံသားဖြစ်မှုကို မရရှိနိုင်သဖြင့် ထိုသို့ မရရှိခဲ့ပါက အခြားနည်းအားဖြင့် နိုင်ငံမဲ့ဖြစ်သွားနိုင်လျှင် အကယ်၍ ထိုသူ၏ မိဘတစ်ဦးဦးသည် ထိုသူကိုမွေးဖွားချိန်၌ အထက်တွင် ဖော်ပြခဲ့သော စာချုပ်ချုပ်ဆိုသည့်နိုင်ငံသားဖြစ်ခဲ့ပါက စာချုပ်ချုပ်ဆိုသောနိုင်ငံသည် ၎င်း၏နိုင်ငံသားအဖြစ် ထိုသူအားခွင့်ပြုရမည်။ အကယ်၍ ထိုသူ၏ မိဘနှစ်ပါးသည် ထိုသူကိုမွေးဖွားချိန်၌ တူညီသောနိုင်ငံသားဖြစ်မှုကို မရရှိထားပါလျှင် ထိုသူ၏နိုင်ငံသားဖြစ်မှုကို ဖခင်နိုင်ငံသားဖြစ်မှုကိုယူရမည်၊ မိခင်၏နိုင်ငံသားဖြစ်မှုကိုယူရမည်ဟူသောပြဿနာကို အဆိုပါစာချုပ်ချုပ်ဆိုသည့် နိုင်ငံ၏ဥပဒေအရ ဆုံးဖြတ်ရမည်။ အကယ်၍ အဆိုပါနိုင်ငံသားဖြစ်မှုကို လျှောက်ထားရန်လိုအပ်ပါက နိုင်ငံ၏ဥပဒေတွင် ဖော်ပြထားသည့်နည်းလမ်းများအတိုင်း သင့်တော်သောအာဏာပိုင်ထံ လျှောက်ထားသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလျှောက်ထားရပါမည်။ ဤအပိုဒ်၏ စာပိုဒ်ခွဲ ၅ ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အဆိုပါလျှောက်ထားလွှာကို ငြင်းပယ်ခြင်းမပြုရပါ။

၅။ စာချုပ်ချုပ်ဆိုသောနိုင်ငံသည် အောက်ဖော်ပြပါစည်းကမ်းချက်များအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောစည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ ဤအပိုဒ်၏ စာပိုဒ်ခွဲ ၄ ပါပြဋ္ဌာန်းချက်များနှင့်အညီ ၎င်း၏နိုင်ငံသားဖြစ်မှုကို ခွင့်ပြုနိုင်သည်။

(က) လျှောက်ထားချက်ကို တင်သွင်းသည်မှာ လျှောက်ထားသူသည် စာချုပ်ချုပ်ဆိုသောနိုင်ငံက သတ်မှတ်သော နှစ်ဆယ့်သုံးနှစ်ထက် မနည်းသော အသက်ကို မပြည့်ရောက်မီ တင်သွင်းရမည်၊

(ခ) သက်ဆိုင်ရာလူပုဂ္ဂိုလ်သည် စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ နယ်မြေတွင် ထိုနိုင်ငံက သတ်မှတ်သော လျှောက်ထားလွှာတင်သွင်းသည့် အချိန်မတိုင်မီ တစ်ဆက်တည်း သုံးနှစ်ထက်မပိုသောကာလ အပိုင်းအခြားအတွင်း နေထိုင်နေကျဖြစ်ရမည်၊

(ဂ) သက်ဆိုင်ရာလူပုဂ္ဂိုလ်သည် အမြဲတမ်းနိုင်ငံမဲ့ ဖြစ်နေရမည်။

## Article 2

A foundling found in the territory of a Contracting State shall, in the absence of proof to the contrary, be considered to have been born within that territory of parents possessing the nationality of that State.

## Article 3

For the purpose of determining the obligations of Contracting States under this Convention, birth on a ship or in an aircraft shall be deemed to have taken place in the territory of the State whose flag the ship flies or in the territory of the State in which the aircraft is registered, as the case may be.

## Article 4

1. A Contracting State shall grant its nationality to a person, not born in the territory of a Contracting State, who would otherwise be stateless, if the nationality of one of his parents at the tine of the person's birth was that of that State. If his parents did not possess the same nationality at the time of his birth, the question whether the nationality of the person concerned should follow that of the father or that of the mother shall be determined by the national law of such Contracting State. Nationality granted in accordance with the provisions of this paragraph shall be granted:

(a) at birth, by operation of law, or

(b) upon an application being lodged with the appropriate authority, by or on behalf of the person concerned, in the manner prescribed by the national law. Subject to the provisions of paragraph 2 of this Article, no such application may be rejected.

## အပိုဒ်-၂

စာချုပ်ချုပ်ဆိုသောနိုင်ငံ၏နယ်မြေတွင် ကောက်ရသောကလေးသူငယ်သည်၊ ဆန့်ကျင်သောသက် သေထင်ရှားပြသခြင်းမရှိလျှင်၊ ထိုနိုင်ငံ၏နိုင်ငံသားဖြစ်မှု လက်ရှိဖြစ်သော မိဘများ၏နယ်မြေအတွင်း မွေးဖွားသည်ဟု မှတ်ယူရမည်။

## အပိုဒ်-၃

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အရ စာချုပ်ချုပ်ဆိုသောနိုင်ငံများ၏တာဝန်များကို သတ်မှတ်ရန်ကိစ္စအလို့ငှာ၊ သင်္ဘောပေါ်တွင် မွေးဖွားမှု၊ သို့မဟုတ် လေယာဉ်ပေါ်တွင် မွေးဖွားမှုသည်၊ သက်ဆိုင်ရာ အမှုအလိုက်၊ သင်္ဘောလွှင့်ထူထားသောအလံနှင့် သက်ဆိုင်သောနိုင်ငံ၏ နယ်မြေ၊ သို့မဟုတ် လေယာဉ်မှတ်ပုံတင်ရာနိုင်ငံ၏ နယ်မြေတွင်မွေးဖွားသည် ဟု မှတ်ယူရမည်။

## အပိုဒ်-၄

၁။ စာချုပ်ချုပ်ဆိုသည့်နိုင်ငံသည် စာချုပ်ချုပ်ဆိုသောနိုင်ငံ၏နယ်မြေတွင် မမွေးဖွားသောကြောင့် လူပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံမဲ့ဖြစ်သွားမည်ဆိုပါလျှင် ၎င်း၏မိဘနှစ်ဦးအနက် တစ်ဦးသည် ၎င်းကိုမွေးဖွားစဉ်အချိန်က ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်မှုကို ရရှိထားလျှင် ထိုလူပုဂ္ဂိုလ်အား ထိုနိုင်ငံ၏ နိုင်ငံသားအဖြစ် ခွင့်ပြုရမည်။ အကယ်၍ ထိုသူ၏မိဘနှစ်ပါးသည် ထိုသူကို မွေးဖွားချိန်၌ တူညီသောနိုင်ငံသားဖြစ်မှုမရရှိထားပါလျှင် ထိုသူ၏နိုင်ငံသားဖြစ်မှုကို ဖခင်နိုင်ငံသားဖြစ်မှုကိုယူရမည်၊ မိခင်၏နိုင်ငံသားဖြစ်မှုကို ယူရမည် ဟူသောပြဿနာကို အဆိုပါစာချုပ်ချုပ်ဆိုသည့်နိုင်ငံ၏ ဥပဒေအရ ဆုံးဖြတ်ရမည်။ ဤစာပိုဒ်၏ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုခဲ့သော နိုင်ငံသားဖြစ်မှုကို အောက်ပါတို့တွင် ခွင့်ပြုပေးရမည်။

(က) မွေးဖွားသည့်အချိန်၌ ဥပဒေကျင့်သုံးမှုအရ သို့မဟုတ်

(ခ) နိုင်ငံ၏ဥပဒေတွင် ပြဋ္ဌာန်းသောနည်းလမ်းအရ သက်ဆိုင်သူ၊ သို့မဟုတ် သက်ဆိုင်သူကိုယ်စား သင့်လျော်သောအာဏာပိုင်ထံ တင်သွင်းသည့်လျှောက်လွှာအပေါ်တွင် ခွင့်ပြုရမည်။ ဤအပိုဒ်၏ စာပိုဒ်ခွဲ ၂ ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ မည်သည့် လျှောက်လွှာကိုမျှ ပယ်ချခြင်းမပြုရ။

2. A Contracting State may make the grant of its nationality in accordance with the provisions of paragraph 1 of this Article subject to one or more of the following conditions:

(a) that the application is lodged before the applicant reaches an age, being not less than twenty-three years, fixed by the Contracting State;

(b) that the person concerned has habitually resided in the territory of the Contracting State for such period immediately preceding the lodging of the application, not exceeding three years, as may be fixed by that State;

(c) that the person concerned has not been convicted of an offence against national security;

(d) that the person concerned has always been stateless.

Article 5

1. If the law of a Contracting State entails loss of nationality as a consequence of any change in the personal status of a person such as marriage, termination of marriage, legitimation, recognition or adoption, such loss shall be conditional upon possession or acquisition of another nationality.

2. If, under the law of a Contracting State, a child born out of wedlock loses the nationality of that State in consequence of a recognition of affiliation, he shall be given an opportunity to recover that nationality by written application to the appropriate authority, and the conditions governing such application shall not be more rigorous than those laid down in paragraph 2 of Article 1 of this Convention.

၂။ စာချုပ်ချုပ်ဆိုသောနိုင်ငံသည် အောက်ဖော်ပြပါစည်းကမ်းချက်များအနက် တစ်ခု၊ သို့မဟုတ် တစ်ခုထက်ပိုသောစည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ဤအပိုဒ်၏ စာပိုဒ် ၁ ပါပြဋ္ဌာန်းချက်များနှင့်အညီ ၎င်း၏နိုင်ငံသားဖြစ်မှုကို ခွင့်ပြုနိုင်သည်။

(က) လျှောက်ထားချက်ကို တင်သွင်းသည်မှာ လျှောက်ထားသူသည် စာချုပ်ချုပ်ဆိုသောနိုင်ငံက သတ်မှတ်သော နှစ်ဆယ့်သုံးနှစ်ထက် မနည်းသော အသက်ကိုမပြည့်ရောက်မီ တင်သွင်းခြင်းဖြစ်ရမည်၊

(ခ) သက်ဆိုင်ရာလူပုဂ္ဂိုလ်သည် စာချုပ်ချုပ်ဆိုသော နိုင်ငံ၏နယ်မြေတွင် ထိုနိုင်ငံက သတ်မှတ်သော လျှောက်ထားလွှာတင်သွင်းသည့် အချိန်မတိုင်မီ တစ်ဆက်တည်း သုံးနှစ်ထက် မပိုသောကာလအပိုင်းအခြားအတွင်း နေထိုင်ခဲ့ခြင်း ဖြစ်ရမည်၊

(ဂ) သက်ဆိုင်ရာလူပုဂ္ဂိုလ်သည် နိုင်ငံ၏လုံခြုံရေးကို ဆန့်ကျင်သောပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း မခံရဘူးသူဖြစ်ရမည်။

(ဃ) သက်ဆိုင်ရာလူပုဂ္ဂိုလ်သည် အမြဲတမ်း နိုင်ငံမဲ့နေသူ ဖြစ်ခဲ့ရမည်။

## အပိုဒ်-၅

၁။ စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ဥပဒေက လက်ထပ်ထိမ်းမြားခြင်း၊ လက်ထပ်ထိမ်းမြားမှုကို ရပ်စဲခြင်း၊ တရားဝင်ဖြစ်စေခြင်း၊ အသိအမှတ်ပြုခြင်း သို့မဟုတ် မွေးစားခြင်းကဲ့သို့သော လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆင့်အတန်းတွင် ပြောင်းလဲမှု၏ အကျိုးဆက်အနေဖြင့် နိုင်ငံသားဖြစ်မှု ဆုံးရှုံးခြင်းကို ဖြစ်ပေါ်စေလျှင် အဆိုပါဆုံးရှုံးခြင်းသည် အခြားနိုင်ငံသားဖြစ်မှုကို ရယူခြင်း၊ သို့မဟုတ် လက်ဝယ်ရှိခြင်းအပေါ် မူတည်သည်။

၂။ စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ဥပဒေအရ လက်ထပ်ထိမ်းမြားမှုမရှိဘဲ မွေးဖွားလာသောကလေးသည် ပေါင်းစည်းမှုကို အသိအမှတ်ပြုခြင်း၏ အကျိုးဆက်အနေဖြင့် ထိုနိုင်ငံ၏နိုင်ငံသားဖြစ်မှု ဆုံးရှုံးလျှင်၊ ထိုကလေးအား သင့်လျော်သော အာဏာပိုင်ထံ စာဖြင့် ရေးသားလျှောက်ထား၍ ထိုနိုင်ငံသားဖြစ်မှုကို ပြန်လည်ရယူရန် အခွင့်အရေးပေးရမည်။ အဆိုပါလျှောက်ထားချက်နှင့်ပတ်သက်၍ သတ်မှတ်သောစည်းကမ်းချက်များသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏အပိုဒ် ၁ ပါ စာပိုဒ်ခွဲ ၂ တွင် ချမှတ်ထားသောစည်းကမ်းချက်များထက် ပို၍တင်းကြပ်ခြင်းမရှိစေရ။

## Article 6

If the law of a Contracting State provides for loss of its nationality by a person's spouse or children as a consequence of that person losing or being deprived of that nationality, such loss shall be conditional upon their possession or acquisition of another nationality.

## Article 7

1. (a) If the law of a Contracting State permits renunciation of nationality, such renunciation shall not result in loss of nationality unless the person concerned possesses or acquires another nationality.

   (b) The provisions of sub-paragraph (a) of this paragraph shall not apply where their application would be inconsistent with the principles stated in Articles 13 and l4 of the Universal Declaration of Human Rights approved on 10 December 1948 by the General Assembly of the United Nations.

2. A national of a Contracting State who seeks naturalization in a foreign country shall not lose his nationality unless he acquires or has been accorded assurance of acquiring the nationality of that foreign country.

3. Subject to the provisions of paragraphs 4 and 5 of this Article, a national of a Contracting State shall not lose his nationality, so as to become stateless, on the ground of departure, residence abroad, failure to register or on any similar ground.

## အပိုဒ်–၆

စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ဥပဒေက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ နိုင်ငံသားဖြစ်မှုဆုံးရှုံးခြင်း၊ သို့မဟုတ် ရုပ်သိမ်းခံရခြင်း၏ အကျိုးဆက်အနေဖြင့် ထိုလူပုဂ္ဂိုလ်၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ သို့မဟုတ် သားသမီးများ၏နိုင်ငံသားဖြစ်မှု လက်လွတ်ဆုံးရှုံးခြင်းအတွက် ပြဋ္ဌာန်းထားလျှင် အဆိုပါဆုံးရှုံးခြင်းသည် အခြားနိုင်ငံသား ဖြစ်မှုလက်ရှိထားခြင်း၊ သို့မဟုတ် ရယူခြင်းအတွက် ထားရှိသော စည်းကမ်းချက်အပေါ် မူတည်မည်။

## အပိုဒ်–၇

၁။ (က) စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ဥပဒေက နိုင်ငံသားဖြစ်မှုစွန့်လွှတ်ခြင်းကို ခွင့်ပြုလျှင် အဆိုပါ စွန့်လွှတ်ခြင်းသည် ထိုသက်ဆိုင်ရာပုဂ္ဂိုလ်မှာ နောက်ထပ်နိုင်ငံသားဖြစ်မှုကို လက်ရှိထားခြင်း၊ သို့မဟုတ် ရယူထားခြင်းမရှိလျှင် နိုင်ငံသားဖြစ်မှုဆုံးရှုံးခြင်းအဖြစ် အကျိုးသက်ရောက်ခြင်း မရှိစေရ။

(ခ) ဤစာပိုဒ်၏ စာပိုဒ်ခွဲငယ်(က)ပါ ပြဋ္ဌာန်းချက်များသည် ၎င်းတို့ကို ကျင့်သုံးရာတွင် ကုလသမဂ္ဂ၏အထွေထွေညီလာခံက ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုခဲ့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၁၃ နှင့် ၁၄ တို့တွင် ပါရှိသောမူများနှင့် ကိုက်ညီခြင်းမရှိပါလျှင် သက်ဆိုင်ခြင်း မရှိစေရ။

၂။ နိုင်ငံခြားတိုင်းပြည်တွင် နိုင်ငံသားအဖြစ်ခံယူရန် ဆောင်ရွက်သော စာချုပ်ချုပ်ဆိုသောနိုင်ငံ၏နိုင်ငံသားသည် ထိုနိုင်ငံခြားတိုင်းပြည်၏ နိုင်ငံသားဖြစ်မှုကိုရယူခြင်းမရှိသေးလျှင်၊ သို့မဟုတ် ရယူရန်အာမခံချက် မရရှိသေးလျှင် ၎င်း၏နိုင်ငံသားဖြစ်မှုကို ဆုံးရှုံးခြင်းမရှိစေရ။

၃။ ဤအပိုဒ်၏ စာပိုဒ်ခွဲ ၄ နှင့် ၅ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ နိုင်ငံသားတစ်ဦးသည် ထွက်ခွာသွားခြင်း၊ နိုင်ငံခြားတွင်နေထိုင်ခြင်း၊ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် အလားတူသောအကြောင်းတစ်ခုခုကြောင့် နိုင်ငံမဲ့ဖြစ်သွားလောက်အောင် ၎င်း၏နိုင်ငံသားဖြစ်မှုကို ဆုံးရှုံးခြင်းမရှိစေရ။

4. A naturalized person may lose his nationality on account of residence abroad for a period, not less than seven consecutive years, specified by the law of the Contracting State concerned if he fails to declare to the appropriate authority his intention to retain his nationality.

5. In the case of a national of a Contracting State, born outside its territory, the law of that State may make the retention of its nationality after the expiry of one year from his attaining his majority conditional upon residence at that time in the territory of the State or registration with the appropriate authority.

6. Except in the circumstances mentioned in this Article, a person shall not lose the nationality of a Contracting State, if such loss would render him stateless, notwithstanding that such loss is not expressly prohibited by any other provision of this Convention.

## Article 8

1. A Contracting State shall not deprive a person of its nationality if such deprivation would render him stateless.

2. Notwithstanding the provisions of paragraph 1 of this Article, a person may be deprived of the nationality of a Contracting State:

(a) in the circumstances in which, under paragraphs 4 and 5 of Article 7, it is permissible that a person should lose his nationality;

(b) where the nationality has been obtained by misrepresentation or fraud.

၄။ နိုင်ငံသားအဖြစ် ခံယူထားသူတစ်ဦးသည် ၎င်း၏နိုင်ငံသားဖြစ်မှုကို ဆက်လက်ထိန်းသိမ်းထားရှိရန် ရည်ရွယ်ချက်ကို သင့်လျော်သောအာဏာပိုင်ထံ ကြေညာရန်ပျက်ကွက်လျှင် သက်ဆိုင်ရာ စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ ဥပဒေအရ သီးခြားဖော်ပြထားသော တစ်ဆက်တည်း ခုနစ်နှစ်ထက် မနည်းသော ကာလအပိုင်းအခြားကြာအောင် နိုင်ငံခြားတွင်နေထိုင်ခြင်း ကြောင့် ၎င်း၏နိုင်ငံသားဖြစ်မှုကို ဆုံးရှုံးနိုင်သည်။

၅။ စာချုပ်ချုပ်ဆိုသောနိုင်ငံ၏နိုင်ငံသားတစ်ဦးသည် ထိုနိုင်ငံ၏နယ်မြေ ပြင်ပတွင် မွေးဖွားသောကိစ္စမျိုးတွင်၊ ထိုနိုင်ငံ၏နယ်မြေအတွင်းတွင် ထိုအချိန်က နေထိုင်ခဲ့ခြင်း၊ သို့မဟုတ် သင့်လျော်သောအာဏာပိုင်နှင့် မှတ်ပုံတင်ခြင်းတို့အပေါ်မူတည်၍ အရွယ်ရောက်သည့်နေ့မှ တစ်နှစ် ကုန်ဆုံးပြီးနောက် ၎င်း၏နိုင်ငံသားဖြစ်မှုကို ဆက်လက်ထားရှိရန် ထိုနိုင်ငံ ၏ဥပဒေက ခွင့်ပြုနိုင်သည်။

၆။ ဤအပိုဒ်တွင်ဖော်ပြထားသည့် အခြေအနေများမှတစ်ပါး၊ တစ်ဦးတစ် ယောက်သည် စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ နိုင်ငံသားဖြစ်မှုဆုံးရှုံးခြင်း ကြောင့် နိုင်ငံမဲ့ဖြစ်သွားနိုင်လျှင် အဆိုပါ ဆုံးရှုံးခြင်းကို ဤအပြည်ပြည် ဆိုင်ရာသဘောတူစာချုပ်ပါ အခြားပြဋ္ဌာန်းချက်တစ်ခုခုဖြင့် အတိအလင်း တားမြစ်ပိတ်ပင်ခြင်းမရှိစေကာမူ ထိုနိုင်ငံ၏နိုင်ငံသားဖြစ်မှု ဆုံးရှုံးခြင်း မရှိစေရ။

## အပိုဒ်–၈

၁။ စာချုပ်ချုပ်ဆိုသောနိုင်ငံသည် တစ်ဦးတစ်ယောက်အား ၎င်း၏နိုင်ငံသား ဖြစ်မှုကို လက်လွတ်ဆုံးရှုံးစေခြင်းဖြင့် ၎င်းသည် နိုင်ငံမဲ့ဖြစ်သွားနိုင်မည်ဖြစ် လျှင် ၎င်းအား နိုင်ငံသားဖြစ်မှုကို လက်လွတ်ဆုံးရှုံးစေခြင်း မပြုရ။

၂။ ဤအပိုဒ်၏ စာပိုဒ်ခွဲ ၁ ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိကာမူ အောက်ပါအကြောင်းချင်းရာများတွင် လူတစ်ဦးတစ်ယောက်အား စာချုပ် ချုပ်ဆိုသောနိုင်ငံ၏ နိုင်ငံသားဖြစ်မှုကို လက်လွတ်ဆုံးရှုံးစေခြင်းခံရနိုင်သည်။

(က) အပိုဒ် ၇ ၏ စာပိုဒ်ခွဲ ၄ နှင့် ၅ တို့အရ တစ်ဦးတစ်ယောက်သည် ၎င်း၏နိုင်ငံသားဖြစ်မှု ဆုံးရှုံးသင့်သော အခြေအနေများတွင်၊

(ခ) နိုင်ငံသားဖြစ်မှုကို မှားယွင်းစွာတင်ပြခြင်း၊ သို့မဟုတ် လိမ်လည်ခြင်း ဖြင့် ရယူထားသောအခါမျိုးတွင်။

3. Notwithstanding the provisions of paragraph 1 of this Article, a Contracting State may retain the right to deprive a person of his nationality, if at the time of signature, ratification or accession it specifies its retention of such right on one or more of the following grounds, being grounds existing in its national law at that time:

(a) that, inconsistently with his duty of loyalty to the Contracting State, the person

  (i) has, in disregard of an express prohibition by the Contracting State rendered or continued to render services to, or received or continued to receive emoluments from, another State, or

  (ii) has conducted himself in a manner seriously prejudicial to the vital interests of the State;

(b) that the person has taken an oath, or made a formal declaration, of allegiance to another State, or given definite evidence of his determination to repudiate his allegiance to the Contracting State.

4. A Contracting State shall not exercise a power of deprivation permitted by paragraphs 2 or 3 of this Article except in accordance with law, which shall provide for the person concerned the right to a fair hearing by a court or other independent body.

၃။ ဤအပိုဒ်၏ စာပိုဒ်ခွဲ ၁ ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ၊ အကယ်၍ လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်း၊ သို့မဟုတ် နောက်မှ ပါဝင်ချုပ်ဆိုခြင်းတို့ကို ပြုလုပ်သည့်အချိန်၌ တစ်ဦးတစ်ယောက်အား ၎င်း၏ နိုင်ငံသားဖြစ်မှုကို လက်လွှတ်ဆုံးရှုံးစေနိုင်ခွင့်ရှိကြောင်းကို အောက် ဖော်ပြပါ ထိုအချိန်က ပြည်တွင်းဥပဒေတွင် ပါရှိသောအကြောင်းအချက် တစ်ခု၊ သို့မဟုတ် တစ်ခုထက် ပိုမိုသောအကြောင်းအချက်များတွင် ဖော်ပြပါရှိလျှင် စာချုပ်ချုပ်ဆိုသောနိုင်ငံသည် နိုင်ငံသားဖြစ်မှုကို လက်လွှတ်ဆုံးရှုံးစေခြင်း အခွင့်အရေးကို ကိုင်စွဲထားနိုင်သည်။

(က) စာချုပ်ချုပ်ဆိုသောနိုင်ငံအပေါ်တွင် သစ္စာစောင့်သိရန် တာဝန်နှင့် မညီညွတ်ဘဲ ထိုသူသည် -

(၁) စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ အတိအလင်း တားမြစ်ပိတ်ပင် ခြင်းကို အလေးမထားဘဲ အခြားနိုင်ငံအား ဝန်ဆောင်မှု ပေးခြင်း၊ သို့မဟုတ် ဝန်ဆောင်မှုကို ဆက်လက်ပေးခြင်း၊ သို့မဟုတ် အခြားနိုင်ငံမှ လစာ၊ လုပ်ခငွေများရယူခြင်း၊ သို့မဟုတ် ဆက်လက်ရယူခြင်း၊ သို့မဟုတ်

(၂) နိုင်ငံ၏အရေးကြီးသောအကျိုးစီးပွားများကို ကြီးလေးစွာထိခိုက် စေသောနည်းလမ်းဖြင့် ကိုယ်တိုင်ပြုမူနေထိုင်ခြင်း။

(ခ) ထိုသူသည် အခြားနိုင်ငံ၏သစ္စာခံယူရန်အတွက် ကျမ်းသစ္စာကျိန်ဆို ခြင်း၊ သို့မဟုတ် နည်းလမ်းတကျ မြွက်ဟကြေညာခြင်း၊ သို့မဟုတ် စာချုပ်ချုပ်ဆိုသော နိုင်ငံအပေါ် သစ္စာစောင့်သိခြင်းအား စွန့်လွှတ် ရန် ၎င်း၏စိတ်ပိုင်းဖြတ်မှုကို တိကျသောသက်သေခံချက်ပေးခြင်း ပြုလုပ်ထားလျှင်။

၄။ စာချုပ်ချုပ်ဆိုသောနိုင်ငံသည်၊ ဥပဒေနှင့်အညီမှတစ်ပါး၊ ဤအပိုဒ်၏ စာပိုဒ်ခွဲ ၂၊ သို့မဟုတ် ၃ အရ ခွင့်ပြုထားသော လက်လွှတ်ဆုံးရှုံးစေခြင်းဆိုင်ရာ အာဏာကို ကျင့်သုံးခြင်းမပြုရ။ ၎င်းဥပဒေ၌ သက်ဆိုင်သူအတွက် တရားရုံး၊ သို့မဟုတ် အခြားလွတ်လပ်သောအဖွဲ့တွင် တရားမျှတသော ကြားနာ စစ်ဆေးခံယူခွင့်ကို ပြဋ္ဌာန်းထားရမည်။

## Article 9

A Contracting State may not deprive any person or group of persons of their nationality on racial, ethnic, religious or political grounds.

## Article 10

1. Every treaty between Contracting States providing for the transfer of territory shall include provisions designed to secure that no person shall become stateless as a result of the transfer. A Contracting State shall use its best endeavours to secure that any such treaty made by it with a State which is not a party to this Convention includes such provisions.

2. In the absence of such provisions a Contracting State to which territory is transferred or which otherwise acquires territory shall confer its nationality on such persons as would otherwise become stateless as a result of the transfer or acquisition.

## Article 11

The Contracting States shall promote the establishment within the framework of the United Nations, as soon as may be after the deposit of the sixth instrument of ratification or accession, of a body to which a person claiming the benefit of this Convention may apply for the examination of his claim and for assistance in presenting it to the appropriate authority.

## အပိုဒ်-၉

စာချုပ်ချုပ်ဆိုသောနိုင်ငံသည် လူမျိုးရေးဆိုင်ရာ၊ မျိုးနွယ်စုရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ သို့မဟုတ် နိုင်ငံရေးဆိုင်ရာအကြောင်းပြချက်များဖြင့် လူတစ်ဦး တစ်ယောက်ကိုဖြစ်စေ လူတစ်စုကိုဖြစ်စေ နိုင်ငံသားဖြစ်မှုကို လက်လွတ်ဆုံးရှုံးစေခြင်း မရှိစေရ။

## အပိုဒ်-၁၀

၁။ စာချုပ်ချုပ်ဆိုသောနိုင်ငံများအကြား နယ်မြေလွှဲပြောင်းခြင်းအတွက် ပြဋ္ဌာန်းသည့်စာချုပ်တိုင်းတွင် လွှဲပြောင်းခြင်း၏ အကျိုးသက်ရောက်မှုအဖြစ် မည်သူမျှ နိုင်ငံမဲ့မဖြစ်စေရန် သေချာအောင် ပြဋ္ဌာန်းချက်ထည့်သွင်းပါရှိရမည်။ စာချုပ်ချုပ်ဆိုသောနိုင်ငံသည် ၎င်းနှင့် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တွင် မပါဝင်သောနိုင်ငံနှင့် ချုပ်ဆိုသောမည်သည့်စာချုပ်တွင်မဆို အဆိုပါပြဋ္ဌာန်းချက်များ ပါရှိသည်ကို သေချာစေရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်ရမည်။

၂။ အဆိုပါပြဋ္ဌာန်းချက်များမပါရှိသည့်အခါ နယ်မြေကိုလွှဲပြောင်းရယူသော၊ သို့မဟုတ် အခြားနည်းအားဖြင့် နယ်မြေကို ရယူသောစာချုပ်ချုပ်သည့်နိုင်ငံသည် ထိုသို့လွှဲပြောင်းခြင်း၊ သို့မဟုတ် ရယူခြင်း၏အကျိုးသက်ရောက်မှုကြောင့် နိုင်ငံမဲ့ဖြစ်သွားမည့်သူအား ၎င်း၏နိုင်ငံသားဖြစ်မှုကို ပေးအပ်ရမည်။

## အပိုဒ်-၁၁

စာချုပ်ချုပ်ဆိုသောနိုင်ငံများသည် ကုလသမဂ္ဂ၏ဘောင်အတွင်းတွင် ခြောက်ခုမြောက်သော အတည်ပြုခြင်း၊ သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုသည့်စာချုပ်စာတမ်းကို ပေးအပ်ပြီးလျှင်ပြီးချင်း ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အကျိုးခံစားခွင့်ကို တောင်းဆိုသူက ၎င်း၏တောင်းဆိုချက်ကို စစ်ဆေးပေးရန်အတွက်လည်းကောင်း၊ ထိုတောင်းဆိုချက်ကို သက်ဆိုင်ရာ အာဏာပိုင်ထံ တင်ပြရာ၌ အကူအညီရရန်အတွက်လည်းကောင်း၊ လျှောက်ထားရမည့်အဖွဲ့ကို ကုလသမဂ္ဂ၏ဘောင်အတွင်းတွင် တည်ထောင်ရန် အားပေးထောက်ကူပြုရမည်။

## Article 12

1. In relation to a Contracting State which does not, in accordance with the provisions of paragraph 1 of Article 1 or of Article 4 of this Convention, grant its nationality at birth by operation of law, the provisions of paragraph 1 of Article 1 or of Article 4, as the case may be, shall apply to persons born before as well as to persons born after the entry into force of this Convention.

2. The provisions of paragraph 4 of Article 1 of this Convention shall apply to persons born before as well as to persons born after its entry into force.

3. The provisions of Article 2 of this Convention shall apply only to foundlings found in the territory of a Contracting State after the entry into force of the Convention for that State.

## Article 13

This Convention shall not be construed as affecting any provisions more conducive to the reduction of statelessness which may be contained in the law of any Contracting State now or hereafter in force, or may be contained in any other convention, treaty or agreement now or hereafter in force between two or more Contracting States.

## အပိုဒ်-၁၂

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၁ ပါ စာပိုဒ်ခွဲ ၁၊ သို့မဟုတ် အပိုဒ် ၄ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၏အကျိုး သက်ရောက်မှုဖြင့် မွေးဖွားသည့်အချိန်၌ မိမိ၏နိုင်ငံသားဖြစ်မှုကို ခွင့်ပြု ခဲ့ခြင်းမရှိသော စာချုပ်ချုပ်ဆိုသည့်နိုင်ငံနှင့်စပ်လျဉ်း၍ အပိုဒ် ၁ ပါ စာပိုဒ်ခွဲ ၁၊ သို့မဟုတ် အပိုဒ် ၄ ၏ ပြဋ္ဌာန်းချက်များသည် ဤအပြည် ပြည်ဆိုင်ရာသဘောတူစာချုပ် အတည်ဖြစ်ခြင်းမတိုင်မီလည်းကောင်း၊ အတည်ဖြစ်ပြီးနောက်မှလည်းကောင်း၊ မွေးဖွားသူများနှင့် အမှုကိစ္စအလိုက် သက်ဆိုင်စေရမည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၁ ၏ စာပိုဒ်ခွဲ ၄ ပါ ပြဋ္ဌာန်းချက်များသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အတည်ဖြစ်ခြင်းမတိုင်မီလည်းကောင်း၊ အတည်ဖြစ်ပြီးနောက်မှလည်းကောင်း၊ မွေးဖွားသူများနှင့် သက်ဆိုင်စေရမည်။

၃။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၂ ပါ ပြဋ္ဌာန်းချက်များသည် ထိုနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အတည်ဖြစ်ပြီးနောက် စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ နယ်မြေထဲတွင် တွေ့ရှိသည့် ကောက်ရသောကလေးသူငယ်များနှင့်သာ သက်ဆိုင်စေရမည်။

## အပိုဒ်-၁၃

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် ယခု၊ သို့မဟုတ် နောင်တွင် အတည်ဖြစ်မည့် စာချုပ်ချုပ်ဆိုသောနိုင်ငံတစ်ခုခု၏ဥပဒေ၌ဖြစ်စေ၊ စာချုပ်ချုပ်ဆိုသောနိုင်ငံနှစ်ခု၊ သို့မဟုတ် နှစ်ခုထက်ပိုသောနိုင်ငံများအကြား ယခု၊ သို့မဟုတ် နောင်တွင်အတည်ဖြစ်မည့် အခြားအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ နိုင်ငံတကာဆိုင်ရာစာချုပ်၊ သို့မဟုတ် သဘောတူညီချက်၌ ဖြစ်စေ ပါရှိသည့် နိုင်ငံမဲ့ဖြစ်မှုလျှော့ချစေခြင်းကို ပိုမိုအထောက်အကူဖြစ်သော ပြဋ္ဌာန်းချက်များကို ထိခိုက်သည်ဟူ၍ အဓိပ္ပာယ်ကောက်ယူခြင်းမရှိစေရ။

## Article 14

Any dispute between Contracting States concerning the interpretation or application of this Convention which cannot be settled by other means shall be submitted to the International Court of Justice at the request of any one of the parties to the dispute.

## Article 15

1. This Convention shall apply to all non-self-governing, trust, colonial and other non-metropolitan territories for the international relations of which any Contracting State is responsible; the Contracting State concerned shall, subject to the provisions of paragraph 2 of this Article, at the time of signature, ratification or accession, declare the non-metropolitan territory or territories to which the Convention shall apply ipso facto as a result of such signature, ratification or accession.

2. In any case in which, for the purpose of nationality, a non-metropolitan territory is not treated as one with the metropolitan territory, or in any case in which the previous consent of a non-metropolitan territory is required by the constitutional laws or practices of the Contracting State or of the nonmetropolitan territory for the application of the Convention to that territory, that Contracting State shall endeavour to secure the needed consent of the non-metropolitan territory within the period of twelve months from the date of signature of the Convention by that Contracting State, and when such consent has been obtained the Contracting State shall notify the Secretary-General of the United Nations. This Convention shall apply to the territory or territories named in such notification from the date of its receipt by the Secretary-General.

## အပိုဒ်–၁၄

အခြားနည်းလမ်းများဖြင့် မဖြေရှင်းနိုင်သော ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့်ဖြစ်စေ ကျင့်သုံးခြင်းနှင့်ဖြစ်စေ ပတ်သက်သော စာချုပ်ချုပ်ဆိုသည့်နိုင်ငံများအကြား အငြင်းပွားမှုတစ်ခုခုကို အငြင်းပွားမှုတွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုချက်အရ အပြည်ပြည်ဆိုင်ရာ တရားရုံးသို့တင်သွင်းရမည်။

## အပိုဒ်–၁၅

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် နိုင်ငံတကာဆက်ဆံရေးများအတွက် စာချုပ်ချုပ်ဆိုသော နိုင်ငံတစ်နိုင်ငံက တာဝန်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရှိသော၊ အထိန်းသိမ်းခံနယ်မြေဖြစ်သော၊ ကိုလိုနီဆိုင်ရာနှင့် အခြား မိခင်နိုင်ငံတော်ကထိန်းချုပ်သော ပင်လယ်ရပ်ခြားနယ်မြေအားလုံးတို့နှင့် သက်ဆိုင်စေရမည်။ သက်ဆိုင်ရာစာချုပ်ချုပ်ဆိုသောနိုင်ငံသည် ဤ အပိုဒ်၏ စာပိုဒ် ၂ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ လက်မှတ်ရေးထိုးသည့်၊ အတည်ပြုသည့် သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုသည့်အချိန်၌ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့် သက်ဆိုင်ရမည့် မိခင်နိုင်ငံတော်ကထိန်းချုပ်သော ပင်လယ်ရပ်ခြားနယ်မြေ သို့မဟုတ် နယ်မြေများကို ထည့်သွင်းကြေညာရမည်။ အဆိုပါ လက်မှတ်ထိုးခြင်း၊ အတည်ပြုခြင်း၊ သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်း၏ အကျိုးသက်ရောက်မှုဟူသော အချက်ကြောင့်ပင်လျှင် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် သက်ဆိုင်ခြင်းဖြစ်သည်။

၂။ နိုင်ငံသားဖြစ်မှုကိစ္စအလို့ငှာ မြို့တော်နယ်နိမိတ်အတွင်း မဟုတ်သောနယ်မြေကို မြို့တော်နယ်နိမိတ်အတွင်းဖြစ်သောနယ်မြေကဲ့သို့ မယူဆသော မည်သည့်ကိစ္စတွင်မဆို၊ ထိုနယ်မြေနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သက်ဆိုင်စေရန်အတွက် စာချုပ်ချုပ်ဆိုသောနိုင်ငံ၏၊ သို့မဟုတ် မိခင်နိုင်ငံတော်ကထိန်းချုပ်သော ပင်လယ်ရပ်ခြားနယ်မြေ၏ ဖွဲ့စည်းပုံဥပဒေများ၊ သို့မဟုတ် ကျင့်စဉ်များအရ မိခင်နိုင်ငံတော်ကထိန်းချုပ်သော ပင်လယ်ရပ်ခြားနယ်မြေ၏ ကြိုတင်ခွင့်ပြုချက်ကို လိုအပ်သော မည်သည့်ကိစ္စတွင်မဆို၊ ထိုစာချုပ်ချုပ်ဆိုသောနိုင်ငံက အပြည်ပြည်ဆိုင်ရာသဘောတူ

3. After the expiry of the twelve-month period mentioned in paragraph 2 of this Article, the Contracting States concerned shall inform the Secretary-General of the results of the consultations with those non-metropolitan territories for whose international relations they are responsible and whose consent to the application of this Convention may have been withheld.

## Article 16

1. This Convention shall be open for signature at the Headquarters of the United Nations from 30 August 1961 to 31 May 1962.

2. This Convention shall be open for signature on behalf of:

(a) any State Member of the United Nations;

(b) any other State invited to attend the United Nations Conference on the Elimination or Reduction of Future Statelessness;

(c) any State to which an invitation to sign or to accede may be addressed by the General Assembly of the United Nations.

စာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့ရက်မှ တစ်ဆယ့်နှစ်လ ကာလအပိုင်းအခြားအတွင်း မိခင်နိုင်ငံတော်ကထိန်းချုပ်သော ပင်လယ်ရပ်ခြားနယ်မြေ၏ လိုအပ်သော ခွင့်ပြုချက်ကိုရရှိရန် ကြိုးပမ်းရမည်။ အဆိုပါခွင့်ပြုချက်ကို ရရှိပြီးလျှင် စာချုပ်ချုပ်ဆိုသည့်နိုင်ငံသည် ကုလသမဂ္ဂ၏ အတွင်းရေးမှူးချုပ်ထံ အကြောင်းကြားရမည်။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် အတွင်းရေးမှူးချုပ် လက်ခံရရှိသည့်နေ့ရက်မှစ၍ အဆိုပါအကြောင်းကြားစာ၌ အမည်ဖော်ပြထားသောနယ်မြေ၊ သို့မဟုတ် နယ်မြေများနှင့် သက်ဆိုင်စေရမည်။

၃။ ဤအပိုဒ် ၂၏ စာပိုဒ်ခွဲ ၂ တွင် ဖော်ပြထားသော တစ်ဆယ့်နှစ်လ ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက်၊ သက်ဆိုင်ရာ စာချုပ်ချုပ်ဆိုသောနိုင်ငံများသည်၊ နိုင်ငံတကာဆက်ဆံရေးအတွက် ၎င်းတို့တွင် တာဝန်ရှိသော၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့် သက်ဆိုင်စေရန် သဘောတူညီမှုကို မပေးဘဲနေနိုင်သော၊ မိခင်နိုင်ငံတော်ကထိန်းချုပ်သော ပင်လယ်ရပ်ခြား နယ်မြေများနှင့် ညှိနှိုင်းတိုင်ပင်မှုရလဒ်များကို အတွင်းရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

## အပိုဒ်-၁၆

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ကုလသမဂ္ဂ၏ ရုံးချုပ်တွင် ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှ ၁၉၆၂ ခုနှစ်၊ မေလ ၃၁ရက်နေ့အထိ လက်မှတ်ရေးထိုးရန် ဖွင့်လှစ်ထားရှိသည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အောက်ပါတို့ကကိုယ်စားလက်မှတ်ရေးထိုးခွင့်ရှိသည်။

(က) ကုလသမဂ္ဂ၏အဖွဲ့ဝင် မည်သည့်နိုင်ငံမဆို၊

(ခ) အနာဂတ် နိုင်ငံမဲ့ဖြစ်မှုပပျောက်ရေး၊ သို့မဟုတ် လျှော့ချရေး ဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော အခြားမည်သည့်နိုင်ငံမဆို၊

(ဂ) ကုလသမဂ္ဂ၏ အထွေထွေညီလာခံက လက်မှတ်ရေးထိုးရန်၊ သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုရန် ဖိတ်ခေါ်စာပေးပို့ခံရသော မည်သည့်နိုင်ငံမဆို။

3. This Convention shall be ratified and the instruments of ratification shall be deposited with the Secretary-General of the United Nations.

4. This Convention shall be open for accession by the States referred to in paragraph 2 of this Article. Accession shall be effected by the deposit of an instrument of accession with the Secretary-General of the United Nations.

## Article 17

1. At the time of signature, ratification or accession any State may make a reservation in respect of Articles 11, 14 or 15.

2. No other reservations to this Convention shall be admissible.

## Article 18

1. This Convention shall enter into force two years after the date of the deposit of the sixth instrument of ratification or accession.

2. For each State ratifying or acceding to this Convention after the deposit of the sixth instrument of ratification or accession, it shall enter into force on the ninetieth day after the deposit by such State of its instrument of ratification or accession or on the date on which this Convention enters into force inaccordance with the provisions of paragraph 1 of this Article, whichever is the later.

၃။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အတည်ပြုရမည့်အပြင် အတည်ပြုစာတမ်းများကို ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံ အပ်နှံရမည်။

၄။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ဤအပိုဒ်၏ စာပိုဒ်ခွဲ ၂ တွင် ရည်ညွှန်းထားသောနိုင်ငံများက နောက်မှ ပါဝင်ချုပ်ဆိုခွင့်ရှိသည်။ နောက်မှပါဝင်ချုပ်ဆိုခြင်းကို ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ် ထံ နောက်မှပါဝင်ချုပ်ဆိုသောစာတမ်းကို အပ်နှံခြင်းဖြင့် ထိရောက်မှု ရှိစေရမည်။

## အပိုဒ်–၁၇

၁။ လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်း၊ သို့မဟုတ် နောက်မှပါဝင်ချုပ်ဆို ခြင်း ပြုလုပ်သည့်အချိန်၌ မည်သည့်နိုင်ငံမဆို အပိုဒ် ၁၁၊ ၁၄ သို့မဟုတ် ၁၅ နှင့်စပ်လျဉ်း၍ ခြွင်းချန်ထားချက်ပြုလုပ်နိုင်သည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တွင် အခြားမည်သည့်ခြွင်းချန်ထား ချက်များကိုမျှ လက်မခံရ။

## အပိုဒ်–၁၈

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် ခြောက်ခုမြောက် အတည် ပြုခြင်း၊ သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်းစာတမ်းကို တင်သွင်းသော နေ့ရက်မှ (၂) နှစ်ပြည့်သောအခါတွင် အာဏာသက်ရောက်မှုရှိစေရမည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အတည်ပြုခြင်း၊ သို့မဟုတ် နောက်မှ ပါဝင်ချုပ်ဆိုခြင်းကို ပြုလုပ်သောနိုင်ငံတစ်နိုင်ငံသည် အတည် ပြုခြင်း၊ သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်း၏ ခြောက်ခုမြောက်သော စာတမ်းကို အပ်နှံပြီးနောက် ရက်ပေါင်း ကိုးဆယ်မြောက်သောနေ့၊ သို့မဟုတ် ဤအပိုဒ်၏ စာပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤအပြည်ပြည် ဆိုင်ရာသဘောတူစာချုပ် အာဏာသက်ရောက်သောနေ့ နှစ်ရပ် အနက် နောက်ကျသောနေ့၌ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် အာဏာသက်ရောက်မှုရှိစေရမည်။

## Article 19

1. Any Contracting State may denounce this Convention at any tine by a written notification addressed to the Secretary-General of the United Nations. Such denunciation shall take effect for the Contracting State concerned one year after the date of its receipt by the Secretary-General.

2. In cases where, in accordance with the provisions of Article 15, this Convention has become applicable to a non-metropolitan territory of a Contracting State, that State may at any time thereafter, with the consent of the territory concerned, give notice to the Secretary-General of the United Nations denouncing this Convention separately in respect of that territory. The denunciation shall take effect one year after the date of the receipt of such notice by the Secretary-General, who shall notify all other Contracting States of such notice and the date or receipt thereof.

## Article 20

1. The Secretary-General of the United Nations shall notify all Members of the United Nations and the non-member States referred to in Article 16 of the following particulars:

(a) signatures, ratifications and accessions under Article 16;

(b) reservations under Article 17;

## အပိုဒ်–၁၉

၁။ မည်သည့်စာချုပ်ချုပ်ဆိုသောနိုင်ငံမဆို ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံ လိပ်မူ၍ စာဖြင့်ရေးသားသော အကြောင်းကြားစာဖြင့် မည်သည့်အချိန်၌မဆို ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် ပစ်ပယ် ကြောင်း ကြေညာနိုင်သည်။ အဆိုပါစာချုပ် ပျက်ပြယ်ကြောင်း ကြေညာချက်သည် သက်ဆိုင်ရာစာချုပ်ချုပ်ဆိုသောနိုင်ငံအတွက်၊ ယင်းကြေညာချက်ကို အတွင်းရေးမှူးချုပ်က လက်ခံရရှိသောနေ့ရက်မှ နောက် တစ်နှစ်အကြာတွင် အတည်ဖြစ်ရမည်။

၂။ အပိုဒ် ၁၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် စာချုပ်ချုပ်ဆိုသောနိုင်ငံ၏ မိခင်နိုင်ငံတော်ကထိန်းချုပ်သော ပင်လယ်ရပ်ခြားနယ်မြေနှင့် စပ်လျဉ်း၍ လိုက်နာကျင့်သုံးရန် သက်ဆိုင်ပါက၊ ထိုသို့ သက်ဆိုင်ပြီးနောက်၊ အဆိုပါနိုင်ငံသည် မည်သည့်အချိန်တွင်မဆို၊ သက်ဆိုင်ရာနယ်မြေ၏သဘောတူညီချက်ဖြင့် ကုလသမဂ္ဂ၏ အထွေထွေ အတွင်းရေးမှူးချုပ်ထံ အဆိုပါနယ်မြေနှင့်စပ်လျဉ်း၍ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို သီးခြားပစ်ပယ်ပြီးဖြစ်သည်ဟု ကြေညာကြောင်း အကြောင်းကြားနိုင်သည်။ အတွင်းရေးမှူးချုပ်က အဆိုပါ အကြောင်းကြားစာလက်ခံရှိသည့်နေ့ရက်မှ တစ်နှစ်အကြာတွင် အတည်ဖြစ်ရမည်။ အတွင်းရေးမှူးချုပ်သည် အဆိုပါအကြောင်းကြားစာနှင့်ရက်စွဲ၊ သို့မဟုတ် ရရှိခြင်းကို အခြားစာချုပ်ချုပ်ဆိုသည့်နိုင်ငံများအား အကြောင်းကြားရမည်။

## အပိုဒ်–၂၀

၁။ ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်သည် အောက်ဖော်ပြပါ အချက်အလက်များကို ကုလသမဂ္ဂအဖွဲ့ဝင် အားလုံးသို့လည်းကောင်း၊ အပိုဒ် ၁၆ တွင် ရည်ညွှန်းထားသော အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများသို့ လည်းကောင်း အကြောင်းကြားရမည်။

(က) အပိုဒ် ၁၆ အရ လက်မှတ်ထိုးခြင်းများ၊ အတည်ပြုခြင်းနှင့် နောက်မှ ပါဝင်ချုပ်ဆိုခြင်းများ၊

(ခ) အပိုဒ် ၁၇ အရ ခြွင်းချန်ထားချက်များပြုခြင်း၊

(c) the date upon which this Convention enters into force in pursuance of Article 18;

(d) denunciations under Article 19.

2. The Secretary-General of the United Nations shall, after the deposit of the sixth instrument of ratification or accession at the latest, bring to the attention of the General Assembly the question of the establishment, in accordance with Article 11, of such a body as therein mentioned.

Article 21

This Convention shall be registered by the Secretary-General of the United Nations on the date of its entry into force.

IN WITNESS WHEREOF the undersigned Plenipotentiaries have signed this Convention.

DONE at New York, this thirtieth day of August, one thousand nine hundred and sixty-one, in a single copy, of which the Chinese, English, French, Russian and Spanish texts are equally authentic and which shall be deposited in the archives of the United Nations, and certified copies of which shall be delivered by the Secretary-General of the United Nations to all Members of the United Nations and to the non-member States referred to in Article 16 of this Convention.

(ဂ) အပိုဒ် ၁၈ နှင့်အညီ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အတည်ဖြစ်သောနေ့ရက်၊

(ဃ) အပိုဒ် ၁၉ အရ စာချုပ်ပျက်ပြယ်ကြောင်းကြေညာခြင်းများ။

၂။ နောက်အကျဆုံးတင်သွင်းသော အတည်ပြုခြင်း၊ သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်းဆိုင်ရာ ခြောက်ခုမြောက်စာတမ်း တင်သွင်းပြီးနောက် ကုလသမဂ္ဂ၏ အတွင်းရေးမှူးချုပ်သည် အပိုဒ် ၁၁ နှင့်အညီ ယင်းအပိုဒ်တွင် ပါရှိသည့် အဖွဲ့တည်ထောင်ရန်ကိစ္စကို အထွေထွေညီလာခံသို့ အသိပေးရမည်။

## အပိုဒ်–၂၁

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံ ၎င်းသဘောတူစာချုပ် အာဏာသက်ရောက်သည့် နေ့ရက်တွင် မှတ်ပုံတင်ရမည်။

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ချုပ်ဆိုကြောင်း အသိသက်သေအဖြစ် အောက်တွင် လက်မှတ်ရေးထိုးသူ အာဏာကုန်လွှဲအပ်ခြင်းခံရသူများက ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

တစ်ထောင့်ကိုးရာခြောက်ဆယ့်တစ်ခုနှစ်၊ ဩဂုတ်လ သုံးဆယ်ရက်နေ့တွင် ယခုလက်ရှိစာချုပ်ကို နယူးယောက်မြို့၌ မိတ္တူတစ်စောင်တည်း လက်မှတ်ရေးထိုးပြီးစီးကြသည်။ ၎င်းစာချုပ်၏ တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ရုရှားဘာသာနှင့် စပိန်ဘာသာဖြင့် ပြုစုထားသော စာကိုယ်များသည် တရားဝင်လျက် စစ်မှန်ခိုင်လုံမှု ရှိစေရမည်။ ယင်းစာချုပ်၏ စာမူများကို ကုလသမဂ္ဂ၏ မော်ကွန်းတိုက်တွင် အပ်နှံထားရမည်။ ယင်းစာချုပ်၏ သက်သေခံလက်မှတ် ရေးထိုးထားသောမိတ္တူများကို ကုလသမဂ္ဂ၏ အတွင်းရေးမှူးချုပ်က ကုလသမဂ္ဂ၏ အဖွဲ့ဝင်အားလုံးသို့လည်းကောင်း၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏အပိုဒ် ၁၆ တွင် ရည်ညွှန်းထားသော အဖွဲ့ဝင်မဟုတ်သောနိုင်ငံများသို့လည်းကောင်း ပေးပို့ရမည်။